# ရွှေရတု မြန်မာ့ကျောက်မျက်ရတနာပြပွဲ





## ကျောက်မျက်အတွဲများ စစ်ဆေးကြည့်ရှုခြင်း

တင်ဒါစနစ်၊ လေလံစနစ်ဖြင့် ရောင်းချမည့် ကျောက်မျက်အတွဲများကို မဏိရတနာ ကျောက်စိမ်းခန်းမအတွင်းရှိ ကျောက်မျက်များ ခင်းကျင်းထားသော အခန်းများတွင် ကြည့်ရှုနိုင်ပါသည်။နေ့စဉ် တင်ဒါစနစ်၊ လေလံစနစ်ဖြင့် ရောင်းချပြီးသော ကျောက်မျက် အတွဲများကို ရောင်းချပြီးချိန်မှစ၍ ကြည့်ရှုလေ့လာခွင့်မပြုပါ။





## ပုလဲအတွဲများ စစ်ဆေးကြည့်ရှုခြင်း

တင်ဒါစနစ်၊ လေလံစနစ်ဖြင့် ရောင်းချမည့် ပုလဲအတွဲများကို ကျောက်မျက်ရတနာ ပြတိုက်ခန်းမအတွင်းရှိ ပုလဲများခင်းကျင်းထားသော အခန်းများတွင် ကြည့်ရှုနိုင်ပါသည်။နေ့စဉ် တင်ဒါစနစ်၊ လေလံစနစ်ဖြင့် ရောင်းချပြီးသော ပုလဲအတွဲများကို ရောင်းချပြီးချိန်မှစ၍ ကြည့်ရှုလေ့လာခွင့်မပြုပါ။





## တင်ဒါစနစ်ဖြင့် ရောင်းချခြင်း

ကျောက်စိမ်းကျောက်မျက်အတွဲများကို မဏိရတနာကျောက်စိမ်းခန်းမနှင့် ပုလဲတွဲများကို ကျောက်မျက်ပြတိုက်တွင် တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။ တင်ဒါစစ်ဆေးရေးအဖွဲ့များက အဆင့်ဆင့်စိစစ်ကာ သဘာပတိအဖွဲ့ထံတင်ပြ၍ တင်ဒါအောင်သည့် အောင်စာရင်းကို ထုတ်ပြန်ကြေငြာပေးပါမည်။










## လေလံစနစ်ဖြင့် ရောင်းချခြင်း

ကျောက်စိမ်းကျောက်မျက်အတွဲများကို မဏိရတနာကျောက်စိမ်းခန်းမနှင့် ပုလဲတွဲများကို ကျောက်မျက်ပြတိုက်တွင် လေလံစနစ်ဖြင့် ရောင်းချပါမည်။ သဘာပတိအဖွဲ့က လေလံစနစ်ဖြင့် ရောင်းချသော အတွဲများကိုစိစစ်ကာ လေလံအောင်သည့် အောင်စာရင်းများကို ချက်ချင်းထုတ်ပြန် ကြေငြာပေးပါမည်။



## အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်း

ဝယ်ယူရရှိသော ကျောက်စိမ်း၊ ကျောက်မျက် အတွဲများအတွက် မဏိရတနာကျောက်စိမ်းခန်းမနှင့်ပုလဲအတွဲများအတွက် ကျောက်မျက်ရတနာပြတိုက်တွင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးပါမည်။ ငွေပေးချေခြင်းကို စာချုပ်ချုပ်ဆိုပြီးသည်နှင့် ဘဏ်မှတဆင့်ပေးချေနိုင်ရေးဆောင်ရွက်ပေးပါမည်။

## ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲများ တင်ပို့ခြင်း

ဝယ်ယူရရှိသည့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲများကို ငွေပေးချေပြီးသည်နှင့် ကိုယ်တိုင် တစ်ပါတည်းသယ်ယူသွားလိုပါက သယ်ယူနိုင်ရန် ဆောင်ရွက်ပေးပါမည်။ လေကြောင်း၊ ရေကြောင်း၊ ကုန်းလမ်းဖြင့် သယ်ဆောင်လိုပါက ငွေပေးချေပြီး လိုအပ်သည့် စာရွက်စာတမ်းများပြည့်စုံပါက သယ်ဆောင်ခွင့်ပြုပါမည်။








## ရတနာဆိုင်များ

မဏိရတနာကျောက်စိမ်းခန်းမတွင် ရတနာဆိုင်များဖွင့်လှစ်၍ လက်ဝတ်ရတနာနှင့်အချောထည်များကို မြန်မာငွေ၊ နိုင်ငံခြားငွေဖြင့် ဝယ်ယူနိုင်ပါသည်။



## မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)

ကျောက်မျက်ရတနာပြပွဲကျင်းပသည့် မဏိရတနာကျောက်စိမ်းခန်းမအနီးတွင်ရှိသော မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် မြန်မာနိုင်ငံမှထွက်ရှိသော ကမ္ဘာတွင်ထင်ရှားသည့် ကျောက်မျက်တွင်းထွက်ရတနာများနှင့် ဓါတ်သတ္တုမျိုးစုံတို့ကို ပြတိုက်ဖွင့်ရက်များတွင် လေ့လာကြည့်ရှုနိုင်ပါသည်။







## ကျောက်စိမ်းဥယျာဉ်

ကျောက်မျက်ရတနာပြပွဲကျင်းပသည့် မဏိရတနာကျောက်စိမ်းခန်းမအရှေ့တွင်ရှိသော ကျောက်စိမ်းဥယျာဉ်တွင် ဝင်ရောက်အပန်းဖြေ လေ့လာကြည့်ရှုနိုင်ပါသည်။






## သတင်းစုံစမ်းရန်နေရာ

ကျောက်မျက်ပြပွဲသို့လာရောက်သည့် ရတနာကုန်သည်နှင့်ဧည့်သည်များ ဆက်သွယ်မှု အဆင်ပြေချောမွေ့စေရန် သတင်းအချက်အလက်စုံစမ်းရန်နေရာများနှင့် စကားပြန်များ စီစဉ်ထားရှိပေးပါသည်။